# ကုန်ပစ္စည်းများ ပံ့ပိုးမှုအတွက် C&A ၏စည်းမျဉ်းများ




သတိပြုရန်။။ ဤစည်းမျဉ်းများသည်အင်္ဂလိပ်စာလုံးများအား ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။ တရားဝင်ချည်နှောင်ထားသော စာရွက်စာတမ်းများသည် မူလအင်္ဂလိပ်မူဖြစ်သည်။

- 2015 ခုနှစ် ဧပြီလ -

# နိဒါန်း

## C&A ၏ လုပ်ငန်းစံနှုန်းသည် အရည်အသွေးမြင့်မားသော ဖက်ရှင်ပစ္စည်းများအား တတ်နိုင်သော ဈေးနှုန်းများဖြင့် ဝယ်ယူနိုင်ရန် စီစဉ်ပေးထားခြင်းဖြစ်သည်။

လုပ်ငန်းဂုဏ်သိက္ခာအတွက် အဆင့်အတန်းမြင့်မားမှုကို လိုက်နာ၍ ပတ်ဝန်းကျင်နှင့် လူသားတို့အတွက် အလေးထားပြီး စဉ်ဆက်မပြတ်သော နည်းလမ်းတစ်ရပ်ဖြင့် ထိုကဲ့သို့ ဆောင်ရွက်နေသည်ကို အာမခံပါသည်။ ထိုနည်းလမ်းသည် C&A နှင့် ၎င်း၏ပေးသွင်းသူ ကုန်သည်များ ရေရှည်အောင်မြင်စွာ ဆက်လက်လက်တွဲသွားနိုင်ရန် တစ်ခုတည်းသော နည်းလမ်းဖြစ်ကြောင်း ခိုင်မာစွာ ယုံကြည်ပါသည်။

ကုန်ပစ္စည်းများ  ပံ့ပိုးမှုအတွက် C&A ၏ စည်းမျဉ်းများတွင် ဥပဒေဆိုင်ရာ လေးစားလိုက်နာမှု၊ အလုပ်သမားများအားလေ့ကျင့်မှုများ၊ ပတ်ဝန်းကျင်ဆိုင်ရာ ပြုမူဆောင်ရွက်မှုများနှင့် အကျင့်ပျက်ခြစားမှု ဆန့်ကျင်ရေးတို့နှင့် ပတ်သက်၍ ကုန်သည်များထံမှ C&A က မျှော်လင့်ထားသည်များကို ဖော်ပြထားသည်။ အရည်အသွေး အဆင့်အတန်း၊ ကုန်ပစ္စည်းအဆင့်အတန်းနှင့် ပစ္စည်းပို့ဆောင်ခြင်း ညွှန်ကြားချက်များကဲ့သို့သော အခြားကိစ္စရပ်များနှင့် ပတ်သက်သော မျှော်လင့်ချက်များကို အခြားမူဝါဒများနှင့် လမ်းညွှန်ချက်များတွင် ဖော်ပြထားသည်။ စည်းမျဉ်းများမှ လိုအပ်ချက် များအား စည်းမျဉ်းများအား ပံ့ပိုးထားသော လမ်းညွှန်ချက်များတွင် ထပ်မံရှင်းပြထားသည်။

လိုအပ်ချက်များသည်C&A[1] အတွက် ကုန်ပစ္စည်းထုတ်လုပ်သော ကုန်သည်များအားလုံး နှင့် သက်ဆိုင်သည်။ စည်းမျဉ်းများတွင် ပါဝင်သော ပြဋ္ဌာန်းချက်များသည် အနည်းဆုံး စံနှုန်းများ ဖြစ်ပြီး အများဆုံးစံနှုန်းများ မပါဝင်ကြောင်း သတိပြုရန် အရေးကြီးသည်။ C&A သည် ကုန်သည် များအား ပတ်ဝန်းကျင်ဆိုင်ရာ ဆောင်ရွက်မှုများနှင့် လုပ်ငန်းခွင်အခြေအနေများ စဉ်ဆက် မပြတ် တိုးတက်စေရန်အတွက် ရည်ရွယ်ချက်ထားရန် မျှော်လင့်သည်။

1. ထုတ်လုပ်မှုပစ္စည်းများ၊ ကုမ္ပဏီခွဲများ၊ အသင်းအဖွဲ့များနှင့် အေးဂျင့်များ ပါဝင်သည်။ လိုအပ်ချက်များသည် C & A အတွက် ထုတ်လုပ်မှုနှင့် သာမက

# လိုအပ်ချက်များ

## C&A သည် UN Global Compact

၏ စည်းမျဉ်း(၁၀)ချက်အား လိုက်နာသည်။ C&A သည် ကုန်သည်များအား ၄င်းတို့၏ လုပ်ငန်းလည်ပတ်မှုများကို တာဝန်ယူမှုများဖြင့် ဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင်နှင့် လူသားတို့အား ကာကွယ်ရန်ကြိုးပမ်းမှုများ ဆောင်ရွက်ရန် မျှော်လင့်သည်။ အောက်တွင် ဖော်ပြထားသော ဇယားတွင် စည်းမျဉ်းများ၏ အကျဉ်းချုပ်လိုအပ်ချက်များကို ဖော်ပြထားသည်။

## အကျဉ်းချုပ် လိုအပ်ချက်များ

### 1. ဥပဒေဆိုင်ရာလေးစားလိုက်နာမှု

- နိုင်ငံတော်နှင့် သက်ဆိုင်သော & အခြားသက် ဆိုင်သော ဥပဒေကို အချိန်တိုင်းလိုက်နာရမည်။
- မူပိုင်ခွင့်အား လေးစားမှု ရှိရမည်။

### 2. အလုပ်သမား

- ကလေးအလုပ်သမား မရှိစေရ။
- အလုပ်အကိုင်တွင် ခွဲခြားဆက်ဆံခြင်း မရှိစေရ။
- အတင်းအကြပ် ခိုင်းစေခြင်းခံရသော အလုပ်သမား မရှိစေရ။
- အသင်းအဖွဲ့၏ လွတ်လပ်ခွင့်နှင့် အလုပ်သမား သမဂ္ဂနှင့် အလုပ်ရှင်တို့ ဆွေးနွေးညှိနှိုင်းခြင်းအား လေးစားရမည်။
- ကြမ်းတမ်းသော (သို့) လူမဆန်သော  ဆက်ဆံမှု မရှိစေရ။
- လုံခြုံ၍ သန့်ရှင်းသော အလုပ်ခွင် ပတ်ဝန်းကျင်ရှိစေ ရမည်။
- အားနည်းသော အဖွဲ့များအတွက် အထူးစာနာ ထောက်ထားမှုရှိရမည်။
- ပုံမှန်အလုပ်အကိုင်
- လူတန်းစေ့နေနိုင်ရန် အနည်းဆုံးလုပ်ခများ အချိန် မှန်ပေးရမည်။
- အချိန်ပို အလုပ်လုပ်ချိန် မရှိစေရ။

### 3. ပတ်ဝန်းကျင်

- ဥပဒေဆိုင်ရာ လိုအပ်ချက်များအား လေးစားလိုက် နာခြင်း။
- ပတ်ဝန်းကျင်ဆိုင်ရာ ပြုမူဆောင်ရွက်မှုများအား စီမံ ခန့်ခွဲခြင်း
- စွမ်းအင်နှင့် ရေအားအပိုအလိုမရှိ သုံးစွဲနိုင်ရေး တိုး တက်မှု
- စွန့်ပစ်ပစ္စည်းနှင့် ထုတ်လွှတ်ပစ္စည်းများ ပတ်ဝန်း ကျင်သို့ လျှော့ချခြင်း
- ထောက်ပံ့ရေးကွင်းဆက်တွင် အန္တရာယ်ရှိသော ဓါတုပစ္စည်းများ  လျှော့ချခြင်း

### 4. အကျင့်ပျက်ခြစားမှုအား ဆန့်ကျင်ခြင်း

- လာဘ်ပေးလာဘ်ယူမှုနှင့် အကျင့်ပျက်ခြစားမှု မရှိစေရ။

# 1. ဥပဒေဆိုင်ရာ လေးစားလိုက်နာမှု

- ကုန်သည်များသည် နိုင်ငံတော်နှင့် အခြားသက်ဆိုင်သော ဥပဒေကို အချိန်တိုင်း လေးစား လိုက်နာရမည်။
- ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် စည်းမျဉ်းများတွင် တူညီသော အကြောင်းအရာဖော်ပြထား သည်။ ကုန်သည်များသည် ပတ်ဝန်းကျင် (သို့) အလုပ်သမားများ အတွက် ကြီးမားသော ကာကွယ်စောင့်ရှောက်မှု ပြုလုပ်ပေးနိုင်သော ထိုပြဋ္ဌာန်းချက်အား ကျင့်သုံးရမည်။
- ကုန်သည်များသည် မူပိုင်ခွင့်အား လေးစားရန်နှင့် တရားမဝင်သော မိတ္တူများအား ပေးကမ်းခြင်း၊ ထုတ်လုပ်ခြင်း မရှိစေရန် အာမခံရမည်။

# 2. အလုပ်သမား

ဤအပိုင်းရှိ လိုအပ်ချက်များသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း၊ Global Social Compliance Programme နှင့် Ethical Trade Initiative Base Code တို့၏ စံနှုန်းများပေါ်တွင် အခြေခံသည်။

C&A သည် လူ့အခွင့်အရေးကို လေးစားမှုရှိပြီး လူ့အခွင့်အရေးအား အလွဲသုံးစားလုပ်မှုတွင် ပါဝင်ကျူးလွန်မှုအား ရှောင်ကြဉ်သည်။ C & A သည် ကုန်သည်များအား အလုပ်သမားများ၏ လူ့အခွင့်အရေးအား လေးစားရန်နှင့် ဤအပိုင်းရှိ လိုအပ်ချက်များအား လိုက်နာရန် မျှော်လင့်သည်။

## 2.1. ကလေးအလုပ်သမား

- အလုပ်သမားများသည် အနည်းဆုံးအသက် ၁၆နှစ်ရှိရမည်။ (သို့) မသင်မနေရ ပညာရေးအတွက် စည်းမျဉ်းအပါအဝင် ပြည်တွင်းဥပဒေအရ လိုအပ်လျှင် ပို၍အသက်ကြီးရမည်။
- ညအချိန်တွင် (သို့) အန္တရာယ်များသောအလုပ်လုပ်ရသော အလုပ်သမားများသည် အနည်းဆုံး ၁၈နှစ်ရှိရမည်။

## 2.2. ခွဲခြားဆက်ဆံခြင်း

- ကုန်သည်များသည် အလုပ်အကိုင်တွင် ခွဲခြားဆက်ဆံခြင်း (သို့) သည်းခံခြင်း (သို့) ထောက်ခံအားပေးခြင်း မရှိစေရ။[2]
- အလုပ်သမားများအကြား ခွဲခြားရန်အတွက် အခြေခံအချက်မှာ ကိုယ်ပိုင်စရိုက်လက္ခဏာ များထက် အလုပ်လုပ်ရန် ဆန္ဒရှိမှုနှင့် အရည်အချင်းသာ ဖြစ်ရမည်။[3]

---

2. အသစ်ခန့်ခြင်း၊ ငှားရမ်းခြင်း၊ သင်တန်းပေးခြင်း၊ အလုပ်ခွင် အခြေအနေများ၊ အလုပ် ခန့်အပ်ခြင်းများ၊ လျော်ကြေးများ၊ ရာထူးတိုးမြှင့်ခြင်းများ၊ စည်းကမ်း၊ အဆုံးသတ်ခြင်းနှင့် အငြိမ်းစားယူခြင်းများ ပါဝင်သည်။
3. ထို့ကဲ့သို့ ကိုယ်ပိုင်စရိုက်လက္ခဏာများ ပါဝင်သော်လည်း ကန့်သတ်မထားပါ။ ကျား/မ၊ အသက်၊ ဘာသာ၊ အိမ်ထောင် ရှိ/ မရှိ၊ လူမျိုး၊ လူတန်းစား၊ လူမှုရေးနောက်ခံ၊ ရောဂါ၊ မသန်မစွမ်း၊ ကိုယ်ဝန်ဆောင်၊ မျိုးနွယ်၊ အမျိုးသားဇစ်မြစ်၊ တိုင်းရင်းသား၊ sexual orientation၊ နိုင်ငံရေးအဖွဲ့အစည်း၊ ကုန်သွယ်ရေးအသင်းအဖွဲ့များအပါအဝင်ဖြစ်သော အလုပ်သမားအဖွဲ့အစည်း၏အသင်းဝင်။

## 2.3. အတင်းအကြပ်ခိုင်းစေခြင်းခံရသောအလုပ်သမားများ

- ကုန်သည်များသည် အလုပ်သမားကိုယ်စားပြုခြင်းဆီသို့ ဦးတည်ရန်  ပွင့်လင်း၍ ပူးပေါင်း ဆောင်ရွက်လိုသော သဘောထားတစ်ရပ်အား သဘောတူလက်ခံရမည်။ အလုပ်သမားများအား ၄င်းတို့ကိုယ်ပိုင် ရွေးချယ်မှုဖြင့် ကုန်သွယ်ရေးအသင်းများနှင့် လက်တွဲရန် (သို့) ဖွဲ့စည်းရန်၊ အလုပ် သမားသမဂ္ဂနှင့် အလုပ်ရှင်တို့ ဆွေးနွေးညှိနှိုင်းရန် ခွင့်ပြုရမည်။

- ကုန်သည်များသည် အလုပ်သမားကိုယ်စားလှယ်များအား ၄င်းတို့၏ကိုယ်စားလှယ်လုပ်ငန်း များ ဆောင်ရွက်ရန် အလုပ်နေရာ စီစဉ်ပေးရမည်။

- အလုပ်ရှင်နှင့် အလုပ်သမားသမဂ္ဂတို့ ဆွေးနွေးညှိနှိုင်းခြင်းနှင့် အဖွဲ့အစည်း လွတ်လပ်မှုအတွက် အခွင့်အရေးအား ဥပဒေအရ တားမြစ်ထားလျှင်၊ ကုန်သည်များသည် ဆွေးနွေးမှုများနှင့် အလုပ်သမား ကိုယ်စားလှယ်များ အခြားသောပုံစံများဖြင့် အကောင်အထည်ဖော်ဆောင်နိုင်ရန် အလုပ်သမားများအား ဟန့်တားနှောင့်ယှက်ခြင်းမပြုပဲ အဆင်ပြေချောမောစေရန် ပြုလုပ်ပေးရ မည်။

## 2.4. အဖွဲ့အစည်း၏လွတ်လပ်မှု

- ကုန်သည်များသည် အလုပ်သမားကိုယ်စားပြုခြင်းဆီသို့ ဦးတည်ရန်  ပွင့်လင်း၍ ပူးပေါင်း ဆောင်ရွက်လိုသော သဘောထားတစ်ရပ်အား သဘောတူလက်ခံရမည်။ အလုပ်သမားများအား ၄င်းတို့ကိုယ်ပိုင် ရွေးချယ်မှုဖြင့် ကုန်သွယ်ရေးအသင်းများနှင့် လက်တွဲရန် (သို့) ဖွဲ့စည်းရန်၊ အလုပ်သမားသမဂ္ဂနှင့် အလုပ်ရှင်တို့ ဆွေးနွေးညှိနှိုင်းရန် ခွင့်ပြုရမည်။

- ကုန်သည်များသည် အလုပ်သမားကိုယ်စားလှယ်များအား ၄င်းတို့၏ကိုယ်စားလှယ်လုပ်ငန်းများ ဆောင်ရွက်ရန် အလုပ်နေရာ စီစဉ်ပေးရမည်။

- အလုပ်ရှင်နှင့် အလုပ်သမားသမဂ္ဂတို့ ဆွေးနွေးညှိနှိုင်းခြင်းနှင့် အဖွဲ့အစည်း လွတ်လပ်မှုအတွက် အခွင့်အရေးအား ဥပဒေအရ တားမြစ်ထားလျှင်၊ ကုန်သည်များသည် ဆွေးနွေးမှုများနှင့် အလုပ်သမား ကိုယ်စားလှယ်များ အခြားသောပုံစံများဖြင့် အကောင်အထည်ဖော်ဆောင်နိုင်ရန် အလုပ်သမားများအား ဟန့်တားနှောင့်ယှက်ခြင်းမပြုပဲ အဆင်ပြေချောမောစေရန် ပြုလုပ်ပေးရ မည်။

- ကုန်သည်များသည် အလုပ်သမားများ၏ တိုင်ကြားချက်များနှင့် စက်မှုလုပ်ငန်းအတွင်း အငြင်းပွားမှုများအား ဖြေရှင်းရန် ထိရောက်သော နည်းလမ်းများကို အကောင်အထည် ဖော်ရမည်။

## 2.5. ကြမ်းတမ်းသော & လူမဆန်သော ဆက်ဆံမှု

- ထုတ်လုပ်ထောက်ပံ့သူ ကုန်သည်များသည် အလုပ်သမားများအား ဂုဏ်သိက္ခာရှိစွာ၊ လေး စားစွာ ဆက်ဆံရမည်။ အနိုင်ကျင့် ဗိုလ်ကျခြင်း၊ အနှောင့်အယှက်ပေးခြင်း[4]၊ ခြိမ်းခြောက်မှု၊ အကြမ်းဖက်မှု၊ ရိုက်နှက်ပြစ်ဒဏ် (သို့) စော်ကားခြင်းများ မပြုလုပ်ရ။[5]

- ထုတ်လုပ်ပေးသွင်းသူ ကုန်သည်များသည် စည်းကမ်း နှင့်ဆိုင်သောလုပ်ထုံး လုပ်နည်းများ အားစာဖြင့်ရေးသားပြီးအ လုပ်သမားအားရှင်းလင်းသောပုံစံဖြင့်ရှင်းပြထားရမည်။

- စည်းကမ်းအရ ပြုလုပ်သော လုပ်ဆောင်မှုများ အား အချိုးညီစေရမည်ဖြစ်ကာ ကိုယ်ခန္ဓာပိုင်းဆိုင်ရာ (သို့) စိတ်ပိုင်းဆိုင်ရာ ပြစ်ဒဏ်ပါဝင်ခြင်းမပြုရ။.

---

4. လိင်ပိုင်းဆိုင်ရာ အနှောက်အယှက်ပေးခြင်းပါဝင်သည်။
5. ကိုယ်ခန္ဓာပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် နှုတ်ဖြင့်စော်ကားမှုများပါဝင်သည်။

C&A

## 2.6. ကျန်းမာရေး နှင့် လုံခြုံစိတ်ချရမှု

- ထုတ်လုပ်ထောက်ပံ့သူ ကုန်သည်များသည် လုံခြုံသော၊ သန့်ရှင်းသော၊ အလင်းရောင်နှင့် အပူလုံလောက်စွာရသော၊ လေဂင်လေထွက်ကောင်းသော အလုပ်နေရာ စီစဉ်ပေးရမည်။

- ကုန်သည်များသည် အလုပ်ကြောင့် ဖြစ်ပေါ်လာသော ထိခိုက်ဒဏ်ရာ၊ မတော်တဆမှုများ အား ကာကွယ်ရန် ကြိုတင်သတိပေးချက်များ ထားရှိရမည်။ ဓါတုပစ္စည်းများ သိုလှောင်ရာနှင့် ကိုင် တွယ်ရာတွင် စိတ်ချလုံခြုံမှု ရှိစေရန် အာမခံပေးထားခြင်း၊ မီးလောင်ခြင်းမှ ကာကွယ်ရန် လုံ လောက်သော အကာအကွယ်များ စီစဉ်ထားခြင်း၊ နေထိုင်မှု အဆောက်အအုံများ ခိုင်မာမှု၊ လုံခြုံ စိတ်ချရမှု၊ လျှပ်စစ်အန္တရာယ်မှ စိတ်ချရမှု၊ စက်ပစ္စည်းကိရိယာများ စိတ်ချရမှုများအား အာမခံထား ပေးနိုင်ရမည်။

- ကုန်သည်များသည် အလုပ်သမားများအား ပုံမှန်ကျန်းမာရေးနှင့် လုံခြုံစိတ်ချရမှု သင်တန်း များ။ ဥပမာ- မီးဘေးအန္တရာယ် ကင်းဝေးရေးသင်တန်း၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုသင်တန်း၊ ဓါတု ပစ္စည်းနှင့် အခြားအန္တရာယ်ရှိသော ပစ္စည်းများကိုင်တွယ်ခြင်း သင်တန်းများ စီစဉ်ပေးရမည်။

- ကုန်သည်များသည် သန့်ရှင်းသောအိမ်သာ၊ ရေ၊ အစားအစာ ပြင်ဆင်မှုနှင့် သိုလှောင်မှု အတွက် သန့်ရှင်းမှုရှိစေရန် စီစဉ်ပေးရမည်။

- စီစဉ်ပေးထားသော အိပ်ဆောင်များသည် သန့်ရှင်းသော၊ စိတ်ချလုံခြုံသော၊ အလုပ်သမား များ၏ အခြေခံလိုအပ်ချက်များနှင့် ကိုက်ညီသော နေရာများ ဖြစ်ရမည်။

## 2.7. အားနည်းသူများအား ကာကွယ်မှုပေးခြင်း

- ကုန်သည်များသည် အမျိုးသမီးများ၊ အိမ်မှနေ၍ အလုပ်လုပ်သော အလုပ်သမားများ၊ အေဂျင်စီအလုပ်သမားများ၊ ယာယီအလုပ်သမားများ၊ ရွှေ့ပြောင်းလုပ်သားများကဲ့သို့ အားအနည်း ဆုံးသူများ၏ အခွင့်အရေးအား အထူးထောက်ထားစာနာမှု ပေးရမည်။

- အိမ်မှာနေ၍ အလုပ်လုပ်ကိုင်သူများအား အလုပ်ခန့်ထားသော ကုန်သည်များသည် Code of Conduct ၏ Supporting Guidelines တွင် ပါဝင်သော C&A Guidelines for the Use of Home Workers အား လိုက်နာရမည်။

## 2.8. ပုံမှန်အလုပ်အကိုင်

- • ကုန်သည်များသည် နိုင်ငံရေးဥပဒေနှင့် အလေ့အကျင့်အရ တည်ထောင်ထားသော အသိ အမှတ်ပြုထားသည့် အလုပ်အကိုင်နှင့်ပတ်သက်သော ဆက်ဆံရေးအခြေခံပေါ်တွင် မူတည်ပြီး အလုပ်သမားများနှင့် တွေ့ဆုံရမည်။

- ထိုဆက်ဆံရေးမှ ပေါ်ပေါက်လာသော တရားဝင် တာဝန်ဝတ္တရားများအား ရှောင်ရှားရန် မကြိုးစားရ။[6]

6. ဥပမာ- အလုပ်သင်အစီစဉ်အား ကောင်းမွန်စွာမကျင့်သုံးခြင်း (သို့) ပုံသေသတ်မှတ်စာချုပ် များ၏ ပိုလွန်သော အသုံးပြုမှု။

## 2.9. လုပ်အားခများ

- ကုန်သည်များသည် တရားဝင်အနည်းဆုံးနှင့် / သို့မဟုတ် စက်ရုံစံအမှတ် အဆင့်အတန်း ထက်ပိုလွန်သော သို့မဟုတ် ဖြစ်သော ခွင့်ပေးခြင်း၊ အကျိုးကျေးဇူးများ၊ အချိန်ပိုကြေး၊ လခများ ပေးခြင်းဖြင့် အလုပ်သမားများအား လျော်ကြေးပေးရမည်။

- ကုန်သည်များသည် အလုပ်သမားများအား အချိန်ပိုအားလုံးအတွက် ပရီမီယံနှုန်း၊ ပုံမှန် လစာနှုန်း၏ ၁၂၅%ထက်မနည်း ပေးလျော်ရမည် (သို့) လိုအပ်ပါက ဥပဒေအရ ပို၍ ပေးလျော်ရ မည်။

- လခများနှင့် လျော်ကြေး[7]အား အချိန်မှန် ပုံမှန်ပေးရမည်ဖြစ်ပြီး အလုပ်သမားများနှင့် ၎င်းတို့ မိသားစုများအတွက် လိုအပ်သလိုပေးသော ဝင်ငွေအချို့ စီစဉ်ပေးပြီး အခြေခံလိုအပ်ချက်များနှင့် ကိုက်ညီစေရန် လုံလောက်ရမည်။

- ကုန်သည်များသည် စည်းကမ်းအရ ဆောင်ရွက်မှု (သို့) နိုင်ငံတော် ဥပဒေအရ စီစဉ်ထား ခြင်းမဟုတ်သော လစာများထဲမှ လျှော့ချခြင်းမျိုးမပြုလုပ်ရ။

- ကုန်သည်များသည် အလုပ်သမားများအား ၎င်းတို့လခများပေးသောအချိန်တိုင်း၏ အသေးစိတ်အကြောင်းအရာများ၊ အလုပ်မစတင်မီနှင့် လခများစသည်တို့ ပါဝင်သော အလုပ် အခြေအနေများနှင့် ပတ်သက်သော သတင်းအချက်အလက်များကို နားလည်လွယ်စေရန် စာဖြင့်ရေးသားစီစဉ်ပေးထားရမည်။

## 2.10. အလုပ်ချိန်

- ကုန်သည်များသည် စာချုပ်အရ အလုပ်ချိန်စံနှုန်းကို ပြဋ္ဌာန်းရမည်။ အမျိုးသား ဥပဒေ သို့မဟုတ် စုပေါင်းထားသာ သဘောတူညီမှုများနှင့်အညီ အချိန်ပိုပါဝင်ခြင်းမရှိဘဲ တစ်ပတ်လျှင် အများဆုံး 48 နာရီသာရှိရမည်။

- ကုန်သည်များသည် အချိန်ပိုအလုပ်အားတာ ဝန်သိစွာဖြင့် အသုံးပြုခြင်းအား ပြုလုပ်ရမည်။ ပုံမှန်အခြေခံပေါ်တွင် အချိန်ပို အလုပ်အား လက်ခံရမည်။ ပုံမှန်အခြေခံပေါ်တွင် အချိန်ပို အလုပ်အား မတောင်းဆိုရ။ စေတနာအလျောက်ဖြစ်သော အချိန်ပိုအား လက်ခံရမည်။ ထို့ကြောင့် အလုပ်သမားများအား အချိန်ပိုလုပ်ရန် အတင်းအကျပ်ခိုင်းစေခြင်းမလုပ်ရ။

- အလုပ်ချိန်သည် (7) ရက်ကာလတွင်နာရီ 60 ထက် မကျော်လွန်ရပါ။ ( ကြိုတင် မမြင်နိုင် သော အခြေအနေများမှ အပ)[8]

- ကုန်သည်များသည် အလုပ်သမားများအား အားလပ်ရက်ပေးရန်၊ 7ရက်ပြည့်တိုင်း[9]အနည်းဆုံး 1 ရက်အားလပ်ရက်ပေးရန်၊ ဥပဒေအရပိတ်သော ပိတ်ရက်များရယူရန် ခွင့်ပြုရမည်။

---

7. အလုပ်ချိန် စံနှုန်းအတွက် (အချိန်ပိုမပါ။)
8. အကယ်၍ အောက်ပါအခြေအနေများဖြစ်ပေါ်ခဲ့လျှင်(၁) အမျိုးသားဥပဒေမှ ခွင့်ပြုခြင်း။ (၂)စုပေါင်းထားသောသဘောတူညီမှုမှ ခွင့်ပြုခြင်း (၃) အလုပ်သမားများ၏ ကျန်းမာရေးနှင့် အန္တရာယ်ကင်းရေးအတွက် ကာကွယ်ရန် အကာအကွယ်များ ပြုလုပ်ခြင်း
9. သို့မဟုတ် အမျိုးသားဥပဒေမှ ခွင့်ပြုသော နေရာတွင် ၁၄ရက်ပြည့်တိုင်း ၂ရက်အားလပ် ရက်ပေးခြင်း

# 3. ပတ်ဝန်းကျင်

C&A သည် စက်ရုံတစ်ရုံဖြစ်သည့်အတွက် ကောင်းမွန်သော ပတ်ဝန်းကျင်ဆိုင်ရာ ဆောင်ရွက်မှုများသည် အနာဂတ်အောင်မြင်မှုအတွက် မရှိမဖြစ်သောလိုအပ်ချက်တစ်ခုဖြစ်ကြောင်းယုံကြည်သည်။ ထို့ကြောင့် C & A သည် ကုန်သည်များအား ပတ်ဝန်းကျင်နှင့် ပတ်သက် သော လုပ်ဆောင်မှု အခြေအနေအားဖန်တီးရာတွင် စီမံခန့်ခွဲမှုနှင့် လေးစားလိုက်နာမှုထက်သာ  လွန်၍ ဆက်သွားရန် မျှော်လင့်သည်။ လိုအပ်ပါက C & A သည်ကုန်သည်များနှင့် အနီးကပ်အလုပ် လုပ်ပြီး ထိန်းသိမ်းလိုက်နာမှု အောင်မြင်စေရန် ၎င်းတို့အား ကူညီသွားမည်ဖြစ်သည်။

## 3.1. တရားဥပဒေဆိုင်ရာ လေးစားလိုက်နာမှု

- ကုန်သည်များသည်  သင်တော်သော ပြည်တွင်းနှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာကာကွယ်စောင့်ရှောက်မှုဥပဒေနင့်စည်းမျဉ်းစည်းကမ်းအားလုံးအားလိုက်နာရမည်ဖြစ်ပြီးနိုင်ငံတကာပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုအဆင့်အတန်းများနှင့် ကိုက်ညီစေရန်ရည်ရွယ်ပါသည်။
- ကုန်သည်များသည် လိုအပ်သော ပတ်ဝန်းကျင်ဆိုင်ရာ ပါမစ်များအားလုံးရရှိရမည်ဖြစ်ပြီး ၎င်းတို့အားခေတ်နှင့် အညီဖြစ်နေစေရန်ထားရှိရမည်။

## 3.2. ပတ်ဝန်းကျင်ဆိုင်ရာ ဆောင်ရွက်မှုစီမံခန့်ခွဲရေး

- ကုန်သည်များသည် ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုစနစ်[10] တစ်ခုရရှိရမည်ဖြစ်ပြီး စီနီယာစီမံခန့်ခွဲမှုကိုယ်စားလှယ်အား ပတ်ဝန်းကျင်ဆိုင်ရာ ဆောင်ရွက်မှုအတွက် တာဝန် ပေးထားရမည်။
- ကုန်သည်များသည် စွမ်းအင်နှင့်ရေ အသုံးပြုမှု၊ ပတ်ဝန်းကျင်သို့ ထုတ်လွှတ်မှုနှင့် စွန့်ပစ်ပစ္စည်းများစွန့်ပစ်ခြင်းတို့အား တိုင်းတာရမည်ဖြစ်ပြီး တောင်းဆိုမှုရှိပါက C & A သို့ထိုသတင်း အချက်အလက်အား ထုတ်ဖော်ရမည်ဖြစ်သည်။
- ကုန်သည်များသည် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုကို လုပ်ငန်းဆုံးဖြတ်ချက်ချရာတွင်ပေါင်းစပ်ရမည်ဖြစ်ပြီး တိုးတက်သော ပတ်ဝန်းကျင်ဆိုင်ရာ ဆောင်ရွက်မှုဆီသို့ တိုးတက်မှုရှိသောချဉ်းကပ်မှုတစ်ခု ရယူရမည်ဖြစ်သည်။ တဆင့်ခံကန်ထရိုက်တာများနှင့် ၎င်းတို့၏ ကုန်သည်များထံမှလည်း တူညီသော ဆောင်ရွက်မှုများ လိုအပ်သည်။

## 3.3. အရင်းအမြစ်အသုံးပြုမှုနှင့် ရာသီဥတုပြောင်းလဲမှု

- ကုန်သည်များသည် အဆောက်အအုံများ၊ ပို့ဆောင်ဆက်သွယ်ရေးနှင့် ထုတ်လုပ်မှုများတွင် များတွင် စွမ်းအင်အပိုအလိုမရှိ သုံးစွဲနိုင်ရေးအတွက်စဉ်ဆက်မပြတ် တိုးတက်မှုအတွက် ဆောင်ရွက်မှုများပြုလုပ်ရမည်ဖြစ်ပြီး၊ အသစ်လဲနိုင်သော သို့မဟုတ် ပို၍နည်းသော ကာဗွန်ပြင်းထန်သောစွမ်းအင်အရင်းအမြစ်များ အသုံးပြုရန်သင့်လျော်သော ကြိုးစားမှုများပြုလုပ်ကြရမည်။
- Wet processes နှင့်သက်ဆိုင်သောကုန်သည်များသည်ရေအပိုအလိုမရှိသုံးစွဲရေးစဉ်ဆက်မပြတ်တိုးတက်စေရန်ဆောင်ရွက်မှုများပြုရမည်။
- ကုန်သည်များသည် ၎င်းတို့၏ ဝယ်ယူရေးဆုံးဖြတ်ချက်များတွင်တောပြုန်းစေခြင်း၊ တိရ စ္ဆာန်များအားရက်စက်စွာဆက်ဆံခြင်း၊ အားနည်းသောဂေဟစနစ်အပေါ်တွင်မကောင်းသော အကျိုးသက်ရောက်မှုများ (သို့) အန္တရာယ်ဖြစ်စေသော မျိုးစိတ်များ[11]အား ပံ့ပိုးပေးခြင်း မရှိစေရန် အာမခံသော သင့်လျော်သည့် ကြိုးပမ်းမှုများပြုလုပ်ရမည်။

---

10. ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ်တစ်ခုသည် စာဖြင့်ရေးသားထားသော မူဝါဒများ၊ စီမံကိန်း ကိရိယာများနှင့်  ပတ်ဝန်းကျင်ဆိုင်ရာဆောင်ရွက်မှုအားမှတ်တမ်းတင်ခြင်း၊စီမံခန့်ခွဲခြင်း၊ တိုင်းတာခြင်း ပြုလုပ်ရန် လုပ်ထုံးလုပ်နည်းများ ပါဝင်သော စနစ်တစ်ခုဖြစ်သည်။
11. CITES နှင့် IUCN red list မှ ပြဌာန်းထားသည့် အတိုင်း။

### 3.4. စွန့်ပစ်ပစ္စည်း & ထုတ်လွှတ်ခြင်း

- ကုန်သည်များသည် လုပ်ငန်းလည်ပတ်မှုနှင့် ပတ်သက်သော အချိန်တိုအတွင်း အကျိုးများ သော လုပ်ဆောင်ခြင်းနှင့် ပုံစံတို့မှတဆင့် စွန့်ပစ်ပစ္စည်းများလျှော့ချရေး လုပ်ဆောင်မှုများ ဆောင်ရွက်ရမည်ဖြစ်ပြီး ဖြစ်နိုင်ပါက ပြန်လည်အသုံးပြုခြင်းအား ဆောင်ရွက်ခြင်းမျိုး ပြုလုပ်ရမည်။
- ကုန်သည်များသည် စွန့်ပစ်ရေများမစီးဆင်းမီ ဂေဖန်သုံးသပ်ရမည်။ နိုင်ငံတော်နှင့် ပြည်တွင်းရေများစံနှုန်းနှင့်အညီ လိုက်နာသော စွန့်ပစ်မှုအားလုံးနှင့် ကိုက်ညီရန်လိုအပ်သဖြင့် စွန့်ပစ်ရေများအားစမ်းသပ်ရမည်။ စွန့်ပစ်ရေအရည်အသွေး အချက်အလက်များအား C & A မှတောင်းဆိုလာပါက ရှယ်ယာရှင်များနှင့် မျှဝေရမည်။
- ကုန်သည်များသည် ဆူညံသံညစ်ညမ်းမှုများအားလျှော့ချရန် ဆောင်ရွက်မှုများ ပြုလုပ်ရမည်ဖြစ်ပြီး ရေ၊ မြေ၊ လေထုအတွင်းသို့ ထုတ်လွှတ်မှုများလျှော့ချရန် လည်းဆောင်ရွက် ရမည်။

### 3.5. အန္တရာယ်ရှိသော ဓါတုပစ္စည်းများ

- ကုန်သည်များသည် C&A နှင့် ၄င်းတို့၏ ကုန်သည်များနှင့် ထောက်ပံ့မှုကွင်းဆက်ထဲမှ အန္တရာယ်ရှိသော အရာဝတ္ထုများအားရှင်းလင်းဖယ်ရှားရန် အလုပ်လုပ်ရမည်။

## 4. အကျင့်ပျက် ခြစားခြင်းအားဆန့်ကျင်ခြင်း

C&A သည်ကုန်သည်များအား လုပ်ငန်းအလေ့အကျင့်များမှ မြင့်မားသော လူ့ကျင့်ဝတ် ဆိုင်ရာ စံနှုန်းများအားလိုက်နာရန် မျှော်လင့်သည်။

- ကုန်သည်များသည် သက်ဆိုင်ရာ လာဘ်ပေးလာဘ်ယူမှုဆန့်ကျင်ရေးနှင့် အကျင့်ပျက်ခြစားနှင့်ပတ်သက်သော ဥပဒေများအားလုံးကို လိုက်နာရမည်။
- ကုန်သည်များသည် Facilitation Payments အပါအဝင်ဖြစ်သော လာဘ်လက်ခံခြင်း သို့မဟုတ် တောင်းခံခြင်း ပေးခြင်းမရှိစေရ။
- ကုန်သည်များသည် အကျင့်ပျက်ခြစားခြင်းဆန့်ကျင်သော မူဝါဒတစ်ရပ်နှင့် လုပ်ထုံးလုပ်နည်းများ ရှိရမည်ဖြစ်ပြီး ၄င်းတို့ထိရောက်မှုရှိစွာ လည်ပတ်နေသည်အားသေချာမှုရှိစေရန် ပုံမှန်ပြန်လည်ဆန်းစစ်ရမည်။

# စည်းမျဉ်းများအား လိုက်နာမှုရှိစေရန် အာမခံခြင်း

## C&A သည် စည်းမျဉ်းများ၏ လိုအပ်ချက်များအား အပြည့်အဝလိုက်နာမှုအောင်မြင်ရန် စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း အသိအမှတ်ပြုသည်။ သို့သော် ၄င်းသည်

C&A နှင့် ၄င်း၏ ကုန်သည်များ၏ အနာဂတ်စီးပွားရေးအောင်မြင်မှု အတွက်အရေးကြီးကြောင်း ယုံကြည် သည်။ စည်းမျဉ်းများအား လိုက်နာခြင်းသည် အရည်အသွေးရှိသော စံနှုန်းများ သို့မဟုတ် ပို့ဆောင်မှုပုံစံများနှင့် ကိုက်ညီစေခြင်းထက်ပို၍ အရေးမကြီးပေ။ C&A သည်စဉ်ဆက် မပြတ်တိုးတက်မှုတွင် ပါဝင်သော ရိုးသားသော၊ ပွင့်လင်းသော ကုန်သည်များနှင့် အလုပ်လုပ်ရန် ပြင်းထန်သော ကြိုးပမ်းမှုများပြုလုပ်လိမ့်မည် ဖြစ်ပြီး လိုအပ်ချက်များပြည့်စုံရန် ၄င်းတို့အားပံ့ပိုးလိမ့်မည်ဖြစ် သည်။

## 1. ဆောင်ရွက်မှုများအား စီမံခန့်ခွဲခြင်း

- ကုန်သည်များသည် စည်းမျဉ်းများအားလိုက်နာပြီး စီမံခန့်ခွဲနိုင်စေရန် ထိရောက်သောစီမံ ခန့်ခွဲမှုစနစ်တစ်ရပ်ရှိ ရမည်ဖြစ်ပြီး စီနီယာစီမံခန့်ခွဲမှု ကိုယ်စားလှယ်အားလေးစား လိုက်နာစေရန်အတွက် တာဝန်ချထားပေးရမည်။

- ကုန်သည်များသည် အလုပ်သမားများအားစည်းမျဉ်းများ၏ လိုအပ်ချက်များနှင့် ပတ်သက် သော အသိရှိစေရန်ပြုလုပ်ပေးရမည်ဖြစ်ပြီး မန်နေဂျာများနှင့် ကြီးကြပ်ရေးမှူးများအား မည်ကဲ့သို့ အောင်မြင်စေရန်လေ့ကျင့်ပေးရမည်။

- ကုန်သည်များသည် ပုံမှန်အခြေခံအပေါ်တွင် အတွင်းပိုင်းအကဲဖြတ်မှုများကို ဆောင်ရွက်ရမည်။

- ကုန်သည်များသည် ထုတ်လုပ်မှုပစ္စည်းများ အားလုံးအတွက် ပိုင်ဆိုင်သည်ဖြစ်စေ၊ တဆင့် ခံကန်တရိုက်ပေးသည်ဖြစ်စေ ထုတ်လုပ်မှုမစတင်မီ C&A မှသဘောတူညီချက်ရရှိရမည်ဖြစ်သည်။ တရားဝင်ခွင့်ပြုခြင်းမရှိသော ထုတ်လုပ်မှုကုန်ပစ္စည်းသုံးစွဲမှု အား တင်းကြပ်စွာတားမြစ်သည်။

- ကုန်သည်များသည် C&A မှ စာဖြင့် သဘောတူညီချက်ကြို တင်ရရှိခြင်းမရှိဘဲ ထုတ်လုပ်မှု လုပ်ငန်းအစိတ်အပိုင်းအား တဆင့်ခံကန်ထရိုက်ပေးခြင်း မပြုလုပ်ရ။ က) တဆင့် ခံကန်ထရိုက်တာသည်စည်းမျဉ်းများကို လိုက်နာရန် သဘောတူခဲ့လျှင်။ ခ) တဆင့်ခံကန်တရိုက်တာသည် အရည်အသွေးအခြေအနေ စစ်ဆေးခြင်းအား အောင်မြင်ခဲ့လျှင်ကုန်သည်များသည် တဆင့်ခံ ကန်တရိုက်ပေးနိုင်သည်။

- ကုန်သည်များသည် တဆင့်ခံကန်တရိုက်တာများက စည်းမျဉ်းများအား လိုက်နာစေရန် အာမခံရန်အတွက် တာဝန်ရှိသည်။

## 2. စောင့်ကြည့်စစ်ဆေးခြင်း နှင့် ပွင့်လင်းမြင်သာမှု

- ကုန်သည်များသည် C&A (သို့) နှင့် ၎င်း၏ ကိုယ်စားလှယ်များအားကြေငြာထားသည် ဖြစ်စေ၊ မကြေငြာထားသည်ဖြစ်စေ၊ အကဲဖြတ်ခြင်းအား ဆောင်ရွက်ရန်ခွင့်ပြုရမည်။

- ကုန်သည်များသည် အကဲဖြတ်မှု ပြုလုပ်နေစဉ်အတွင်း စုပေါင်းဆောင်ရွက်မှုနှင့် ပွင့်လင်းမှုရှိရမည်။ ဖြစ်နိုင်ပါက အလုပ်သမားများ၊ မှတ်တမ်းများ၊ အလုပ်နယ်ပယ်များ၊ အိပ်ဆောင်များသို့ ကန့်သတ်မထားသောအခွင့်အလမ်းများ စီစဉ်ထားရမည်။

- ကုန်သည်များသည် အလုပ်သမားလူတွေ့စစ်ဆေးခြင်းများအား သီးသန့်ဂန်းကျင်တွင် ပြုလုပ်ရန်ခွင့်ပြုရမည်ဖြစ်ပြီး အလုပ်သမားများအားမေးခွန်းများအားမည့်ကဲ့သို့ တုံ့ပြန်ဖြေကြားရမည်ကို လေ့ကျင့်သင်ကြားခြင်းမရှိစေရ။

- ကုန်သည်များသည် ပြည့်စုံတိကျသော မှတ်တမ်းများ[12] ထိန်သိမ်းရမည်ပြီး လုပ်ငန်းလည်ပတ်မှု အချက် အလက်များအားမှားယွင်းစွာတင်ပြခြင်း သို့မဟုတ် သတင်းအချက်အလက်များအား ခြယ်လှယ်ခြင်းမရှိစေရ။

- ကုန်သည်များသည် C&A အားထုတ်လုပ်မှုပစ္စည်းများနှင့် ကုန်သည်များ၏ တည်နေရာ နှင့် နာမည်များအားထုတ်ဖော်ရန် ခွင့်ပြုရမည်။ တတိယအဖွဲ့အစည်းများအား စည်းမျဉ်း များအရ ၎င်းတို့၏ ဆောင်ရွက်မှု သတင်းအချက်အလက်များကိုလည်း ထုတ်ဖော်ရန် ခွင့် ပြုရမည်။

- ကုန်သည်များသည် C&A က တောင်းဆိုသောအခါ C&A နှင့် သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်များအား စာရင်းစစ်ခြင်း အရည်အသွေးအခြေအနေ အကဲဖြတ်ခြင်းကို ၎င်းတို့ ကုန်သည်များနှင့် တဆင့်ခံကန်ထရိုက်တာများမှ ဆောင်ရွက်ရာတွင် အကူအညီပေးရန် စီစဉ်ပေးရမည်။

## 3. ပိတ်ဆို့အရေးယူမှုများ

- C&A တွင် Fairness Channel ဟုခေါ်သော လျှို့ဝှက် Whistleblowing စနစ်တစ်ရပ်ရှိပြီး ၎င်းမှတဆင့် ရှယ်ယာရှင်များ၊ ကုန်သည်များ စက်ရုံလုပ်သားများနှင့် C & A အလုပ်သမားများအားလုံးတို့သည် C&A ၏ ထိပ်ပိုင်း စီမံခန့်ခွဲရေးသို့ စည်းမျဉ်းများအား ချိုးဖောက်ခြင်းနှင့် ကျင့်ဂတ်နှင့် မညီသော အပြုအမူများအား အစီရင်ခံနိုင်သည်။

- စည်းမျဉ်းချိုးဖောက်မှုများရှိခဲ့လျှင် C&A သည် လိုအပ်ပါက C&A ၏ထောက်ပံ့မှုဖြင့် ကုန်သည်အား တိုးတက်မှု စီမံကိန်းဖွံ့ဖြိုးစေရန် မေးမြန်းလိမ့်မည်ဖြစ်ပြီး ၎င်းအားချိုးဖောက်မှု သဘောတရားပေါ်တွင် မူတည်၍ ပြောင်းလဲနိုင်သော အချိန်ဘောင်တစ်ခုအတွင်း အကောင် အထည်ဖော်နိုင်လိမ့်မည်။

- ကလေးလုပ်သား အတင်းအကြပ် စေခိုင်းခံရသော လုပ်သား (သို့) ထောင်လုပ်သား၊ လာဘ်ပေးလာဘ်ယူမှု၊ လိမ်လည်မှု၊ ငွေစက္ကူအတုပြုလုပ်သောပါဂင် ပစ္စည်းများအား အသုံးပြုမှုနှင့် ခွင့်ပြုချက်မရှိသော ထုတ်လုပ်မှုပစ္စည်းများအား အသုံးပြုမှုကဲ့သို့သော စံတင်လောက်သော ချိုးဖောက်မှုများ ရှိခဲ့လျှင်နှင့်/ သို့မဟုတ် သဘောတူညီမှု ရရှိထားသော တိုးတက်မှုစီမံကိန်းအား အကောင်အထည်ဖော်ရန် ဆက်တိုက်ပျက်ကွက်ခဲ့လျှင် C&A သည် အမှာစာများအားပယ်ဖျက် ခြင်းအပါအဂင် ကုန်သည်များနှင့် လုပ်ငန်းသဘောဆက်ဆံရေးအားအဆုံးသတ်နိုင်သော အခွင့်အရေးသီးသန့်ထားရှိသည်။

- C&A သည် ၎င်းမှကျခံထားသော ပျက်စီးဆုံးရှုံးမှုများနှင့် ကုန်ကျစရိတ်များအတွက် ဥပဒေအရ တာဂန်ရှိသော ကုန်သည်များအား ထိန်းချုပ်ထားသည်။ ၎င်းတွင် တဆင့်ခံကန်ထရိုက် တာများအပါအဂင် ကုန်သည်များမှ ချိုးဖောက်ထားသော စည်းမျဉ်းများ၏ အကျိုးဆက်ဖြစ်သည့် အမြတ်များနှင့်/ သို့မဟုတ် အခွန်များ ဆုံးရှုံးမှုများပါဂင်သည် ။

---

12. ဥပမာ - အလုပ်လုပ်သော အချိန်မှတ်တမ်းများနှင့် အလုပ်သမားလစာစာရင်း စာရွက် စာတမ်းများ။

C&A သည် ပိုမိုကောင်းမွန်သော အလုပ်သမားအခြေအနေများနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဆောင်ရွက်မှုများဆီသို့ အတူတကွ လုပ်ကိုင်ရန် စစ်မှန်စွာပါဝင်ကြသော ကုန်သည်များနှင့်ရေရှည် ဆက်ဆံရေး တည်ဆောက်လိုပြီး ၎င်းတို့အား ၎င်းတို့ရင်ဆိုင်နေရသည့်အခက်အခဲများ ကျော်လွှား ရန်ကူညီလိမ့်မည်ဖြစ်သည်။ စည်းမျဉ်းများ အကောင်အထည်ဖော်ဆောင်ရန်အတွက် ဖြည့်စွက်ရှင်း လင်းမှုများနှင့် လမ်းညွှန်မှုအတွက် ပုံမှန်ခေတ်နှင့်အညီ ဆောင်ရွက်ထားသော Code of Conduct ၏ Supporting Guidelines အားကျေးဇူးပြု၍ မှီငြမ်းပါ။